# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# နှင့်
# မွန်ဂိုလီးယားနိုင်ငံ
# တို့အကြား
# သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာသဘောတူစာချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မွန်ဂိုလီးယားနိုင်ငံအစိုးရ (ဤမှနောင်တွင် စာချုပ်ဝင်နိုင်ငံဟု ရည်ညွှန်းမည်)တို့သည် နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီး သည့်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန်ဆန္ဒရှိသည်ဖြစ်၍ လည်းကောင်း၊ ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်အရ စာချုပ်ဝင်နိုင်ငံများမှ သက်တမ်းရှိ သံတမန်နှင့် အထူး/ ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများ၏ အပြန်အလှန် ခရီးသွားလာမှုများကို တိုးမြှင့်၊ လွယ်ကူအဆင်ပြေ၊ အားပေးရန် ဆန္ဒရှိ၍ လည်းကောင်း အောက်ပါအတိုင်း သဘောတူညီ ကြသည် -

## အပိုဒ် (၁)

သက်တမ်းရှိ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်သည့် စာချုပ်ဝင်တစ်နိုင်ငံမှ နိုင်ငံသားများသည် တစ်ဘက်စာချုပ်ဝင်နိုင်ငံ၏ နယ်မြေအတွင်း စတင်ဝင်ရောက် သည့်နေ့မှစ၍ (၃၀) ရက်ထက်မပိုသော ကာလအတွက် ဝင်ရောက်ခွင့်၊ နေထိုင်ခွင့်၊ ထွက်ခွာခွင့်နှင့် ဖြတ်သန်းသွားလာခွင့်တို့အတွက် ဗီဇာကင်းလွတ်ခွင့်ရရှိမည်။

## အပိုဒ် (၂)

စာချုပ်ဝင်တစ်နိုင်ငံမှ သက်တမ်းရှိ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံသားများသည် တစ်ဘက်စာချုပ်ဝင်နိုင်ငံ၏ နယ်မြေအတွင်း ရက်ပေါင်း (၃၀)ထက်ပို၍ နေထိုင်လိုပါက ကြိုတင်၍ ဗီဇာလျှောက်ထားရန် လိုအပ်ပါမည်။

ГАДААД ХАРИЛЦААНЫ ТӨВ АРХИВ

## အပိုဒ် (၃)

စာချုပ်ဝင်တစ်နိုင်ငံမှ သက်တမ်းရှိ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံသားများသည် တစ်ဘက်စာချုပ်ဝင်နိုင်ငံ၏ လူဝင်မှု ကြီးကြပ် ရေး ဥပဒေများ၊ စည်းမျဥ်းများနှင့်အညီ ယင်းနိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ရာ တွင် နိုင်ငံတကာခရီးသည်များအတွက် ဖွင့်လှစ်ထားသည့် ဝင်ပေါက်များမှ တစ်ဆင့်သာ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ ဖြတ်သန်းသွားလာခွင့်ပြုလုပ်ရမည်ဖြစ်ပြီး၊ ယင်းနိုင်ငံ၏ လိုအပ်သည့် လုပ်ထုံးလုပ်နည်း အားလုံးကို လေးစားလိုက်နာရမည်၊

## အပိုဒ် (၄)

စာချုပ်ဝင်တစ်နိုင်ငံမှ သက်တမ်းရှိ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံသားများသည် တစ်ဘက်စာချုပ်ဝင်နိုင်ငံတွင် နေထိုင်စဥ်အတွင်း ယင်းနိုင်ငံ၏ချမှတ်ထားသော ဥပဒေနှင့် စည်းမျဥ်းစည်းကမ်းများကို လိုက်နာရပါမည်၊

## အပိုဒ် (၅)

စာချုပ်ဝင်တစ်နိုင်ငံမှ သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များက တစ်ဘက်စာချုပ်ဝင်နိုင်ငံမှ သက်တမ်းရှိ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအား ယင်းနိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ရန် လျော်ကန်သင့်မြတ်ခြင်းမရှိသူဟု သတ်မှတ်ပါက အဆိုပါပုဂ္ဂိုလ်များအား ယင်းနိုင်ငံတွင်းသို့ ဝင်ရောက်ခွင့်တားမြစ်နိုင်သည် (သို့တည်းမဟုတ်) နေထိုင်ခွင့်ကာလကို လျှော့ချနိုင်သည် (သို့တည်းမဟုတ်) အဆုံးသတ်နိုင်သည်ဟူသည့် အခွင့်အာဏာကို ယခုသဘောတူညီချက်က ကန့်သတ်နိုင်မည်မဟုတ်ပါ။

## အပိုဒ် (၆)

စာချုပ်ဝင်နိုင်ငံများသည် အမျိုးသားလုံခြုံရေး၊ ပြည်သူ့ဆိုင်ရာအမိန့် (သို့တည်းမဟုတ်) ပြည်သူ့ကျန်းမာရေးတို့ တည်မြဲစေရေး အကြောင်းပြချက်ဖြင့် ဤစာချုပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စာချုပ်တစ်ခုလုံးကိုဖြစ်စေ ခေတ္တရပ်ဆိုင်းလိုကရပ်ဆိုင်းနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းအတွက် တစ်ဖက်စာချုပ်ဝင်နိုင်ငံအား သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆောလျင်စွာ ကြိုတင်အသိပေးအကြောင်းကြားရမည်။

## အပိုဒ် (၇)

၁။ စာချုပ်ဝင်နိုင်ငံများသည် စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) ထက် နောက်မကျစေဘဲ၊ သံတမန်နှင့် အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ် နမူနာများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် အပြန်အလှန်လဲလှယ်ရမည်၊

၂။ စာချုပ်ဝင်နိုင်ငံများသည် သံတမန်၊ အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်နှင့် စာရွက်စာတမ်းများအား အသစ်ထုတ်ခြင်း (သို့တည်းမဟုတ်) ပြင်ဆင်ခြင်း တို့ကို စတင်အသက်ဝင်အသုံးပြုမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍၊ အသစ်ထုတ် (သို့တည်းမဟုတ်) ပြင်ဆင်ထားသည့် သံတမန်၊ အထူး/ဝန်ထမ်းနိုင်ငံကူးလက်မှတ်နှင့် စာရွက်

စာတမ်းတို့၏ နမူနာပုံစံများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် အချင်းချင်းပေးပို့ အကြောင်းကြားရမည်။

**အပိုဒ် (၈)**

၁။ ဤသဘောတူညီချက်အား လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၃၀)ပြည့်မြောက်သည့်နေ့ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး၊ ကနဦးသက်တမ်း (၅)နှစ်အထိ ဆက်လက်၍ အသက်ဝင်မည်ဖြစ်သည်။ စာချုပ်ဝင်တစ်နိုင်ငံသည် အခြားစာချုပ်ဝင်နိုင်ငံသို့ ဤသဘောတူညီချက်အားရပ်စဲရန် သံတမန်လမ်းကြောင်းမှတစ်ဆင့် (၆)လကြိုတင်၍ စာဖြင့် အကြောင်းကြားခြင်းမရှိပါက ဤသဘောတူညီချက်သည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

၂။ ဤသဘောတူစာချုပ်အပေါ် မည်သည့်ပြင်ဆင်ချက်မျိုးမဆို စာချုပ်ဝင်နိုင်ငံနှစ်နိုင်ငံ၏ သဘောတူညီချက်ဖြင့် အပြန်အလှန် အကြောင်းကြားစာပေးပို့ ပြုလုပ်နိုင်သည်။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ၊ (    ) ရက်နေ့တွင် မြန်မာနိုင်ငံ၊ နေပြည်တော်၌ မြန်မာ၊ အင်္ဂလိပ်နှင့် မွန်ဂိုလီးယားဘာသာများဖြင့် ပြုလုပ်၍၊ ဘာသာစကားသုံးရပ်လုံးသည် ထပ်တူထပ်မျှမှန်ကန် သည်ချည်းဖြစ်သည်။ ဤသဘောတူစာချုပ်အား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကွဲပြားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အင်္ဂလိပ်ဘာသာဖြင့် ချုပ်ဆိုထားသောစာချုပ်သည် လွှမ်းမိုး၍ အတည်ဖြစ် စေရမည်။

**မွန်ဂိုလီးယားနိုင်ငံ**
**အစိုးရအတွက်**

**(လို့ဆန်ဝန်ဒန်ဂင်ဘိုးလ်)**
**ဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အစိုးရအတွက်**

**(ဝဏ္ဏမောင်လွင်)**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ГАДААД ХАРИЛЦААНЫ ТӨВ АРХИВ